# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

## ယုံကြည်မှုတည်ဆောက်ခြင်းကို ထိပါးလာခြင်း : တပ်မတော်မှ အပစ်အခတ် ရပ်စဲရေး ကြေငြာထား သည့် ဒေသများရှိ လူ့အခွင့်အရေးအခြေအနေ (၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ)

၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၆ ရက်

**သတင်းထုတ်ပြန်ချက်**

ကချင်နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင် တိုက်ပွဲများပြင်းထန်နေစဉ်မှာပင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် မြန်မာ့ တပ်မတော်က မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် လေးလတာ တဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေငြာခဲ့သည်။ မြန်မာ့တပ်မတော်၏ အပစ်အခတ်ရပ်စဲရေးကြေငြာချက်ကို တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ (EAOs) က သတိဖြင့် ကြိုဆိုခဲ့ကြပြီး အပြုသဘောဆောင်သည့် ပြုမူဟန်အဖြစ်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး စောင့်ကြည့်လေ့လာသူများကလည်း ကြိုဆိုခဲ့ကြသည်။

ယခုလို အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းခဲ့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်တပ်စခန်းသစ်များ တိုးချဲ့နေခဲ့သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ တပ်မတော်မှ EAOs တပ်စခန်းများအား စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ် တိုက်ခိုက်ခြင်းနှင့် လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်းတို့ကြောင့် အပစ်အခတ်ရပ်စဲရေး ပထမလေးလကာလနှင့် ထပ်မံတိုးချဲ့သည့် ကာလများအတွင်း အရပ်သား သေဆုံး၊ ဒဏ်ရာရမှု၊ ထွက်ပြေးတိမ်းရှောင်ရမှုများနှင့် မြန်မာစစ်တပ်၏ စစ်အင်အားတိုးချဲ့မှုကို ပိုမိုခံကြရသည်။

အဆိုပါကာလအတွင်း တရားလက်လွတ်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်မှုနှင့် တပ်မတော်မှ အရပ်သားများနေထိုင်ရာသို့ လေကြောင်းမှ ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းတို့အပါအဝင် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုး ဖောက်မှုများ ကျူးလွန်ကြသလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်မှုများကို လည်း ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်။

ရှမ်းနှင့်ကချင်ပြည်နယ်များတွင် မြန်မာ့တပ်မတော်၏ ဆက်လက်ထိုးစစ်ဆင်နေမှုများနှင့် ရခိုင်နှင့်ချင်းပြည်နယ်များတွင် ပြင်းထန်သောတိုက်ပွဲများဖြစ်နေလင့်ကစား ၎င်းတို့၏ စတုတ္ထအဖွဲ့ဝင်ဖြစ်သော ရခိုင့်တပ်မတော် (AA) အားပါဝင်စေရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့က တိုက်တွန်းနေသော်လည်း ၎င်းတို့ကို အပစ်ခတ်ရပ်စဲရေးမှ ဖယ်ချန်ထားခြင်းသည် အပစ်ခတ်ရပ်စဲရေး အကောင်အထည်ဖော်ခြင်းကို ရှုပ်ပျက်စေပြီး မသေချာမရေရာဖြစ်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အားဖြည့်အသက်ဝင်စေမည့် မည်သည့် အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုကို မဆို ထိခိုက်စေပါသည်။

# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

မြန်မာ့တပ်မတော်အနေဖြင့် မြောက်ပိုင်းဒေသတွင် အပစ်အခတ်ရပ်စဲရေးကြေငြာခြင်းမျိုးနှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် တခြားဆောင်ရွက်ချက်များကဲ့သို့ ငြိမ်းချမ်းရေးအား ရိုးသားမှုမရှိပဲ ကမ်းလှမ်းလုပ်ဆောင်ပါက ငြိမ်းချမ်းရေးနှင့် စစ်ပွဲများရပ်တန့်စေရန်အတွက် စစ်မှန်သည့်တိုးတက်မှုများကို ရရှိမည်မဟုတ်ပေ။ မြန်မာ့တပ်မတော် အနေဖြင့် ပြောထားသည့်အတိုင်း လက်တွေ့လုပ်ဆောင်ပါမှ ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ပြီး ပဋိပက္ခဒေသများရှိ လူ့အသိုင်းအဝိုင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများထပ်မံမဖြစ်ပွားစေရေး အတွက် အာမခံမှုများ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့တပ်မတော်ဖက်မှ ရိုးသားသော ကြိုး ပမ်း အား ထုတ်မှုမပါဝင်ဘဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း မည်သည့်ယုံကြည်မှု၊ မည်သည့်ခိုင်မာသောတိုးတက်မှုမှ ရှိလာလိမ့်မည်မဟုတ်ချေ။

**ဆက်သွယ်ရန်:**


| | |
|---|---|
| ကိုတိန်ဦး<br>စည်းရုံးလှုံ့ဆော်ရေးအဖွဲ့<br>ဖုန်း- +၆၆ (၀) ၈၁၅၉၅၆၁၃၈ | လိုည်းချီးစငါး<br><br>ဖုန်း + ၉၅ (၀) ၉၇၉၁၅၃၀၄၅၁ |


---

**ND-Burma အကြောင်း**

ND-Burma ၏ ကွန်ရက်အဖွဲ့ဝင် ၁၂ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူ များအား ကိုယ်စားပြုကာ လုပ်ဆောင်နေသော အဖွဲ့များ ဖြစ်ကြပါသည်။ နစ်နာခဲ့သူများ၏ တရားမျှတ မှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် ကွန် ရက်အဖွဲ့အစည်းဖြစ်ပါသည်။

**အဖွဲ့ဝင်အဖွဲ့အစည်းများ**

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP-B)

၂။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (Hurform)

၃။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)

၄။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

၅။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့အစည်း (TSYO)

၆။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

**ဆက်စပ်အဖွဲ့အစည်းများ**

၁။ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

၂။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

၃။ ပအိုဝ်းလူငယ်အဖွဲ့ (PYO)

၄။ လူ့အခွင့်အရေး ကာကွယ် မြှင့်တင်သူများအဖွဲ့ (HRDP)

၅။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (ပဲခူးအရှေ့ခြမ်း)

၆။ ရှေ့ပြေးအသံအဖွဲ့ (PV)